PDF-XChange Viewer Click to buy NOW! www.docu-track.com






ဖဆပလကို ဦးဆောင်သူ ဗိုလ်ချုပ်အောင်ဆန်း

## မြန်မာ့နိုင်ငံရေးသမိုင်းလေ့လာချက်

# ဖဆပလပဏာမ ပြင်ဆင်မှုညီလာခံ

တင်နိုင်တိုး



ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံမြင်ကွင်း

တိုင်းပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကို ၉ဧပြီ၁၉၄၇တွင်ကျင်းပခဲ့ရာ၌ ဖဆပလအဖွဲ့ချုပ်ကလွှတ်တော်အမတ်၂၅၅နေရာအနက် ၂၄၈ ဦးရရှိပြီး ၉၅.၃ရာခိုင်နှုန်းဖြင့် အပြတ်အသတ်အနိုင်ရရှိခဲ့သည်။ဖဆပလအဖွဲ့ချုပ်သည် ပထမအကြိမ်တိုင်းပြည်ပြုလွှတ်တော်ညီလာခံကို ၁၀ ဇွန် ၁၉၄၇ တွင် ခေါ်ယူထားရာအခြေခံဥပဒေရေးဆွဲရေးအတွက်ပထမအဆင့်အနေဖြင့် ဖဆပလပဏာမညီလာခံကို ဦးစွာကျင်းပခဲ့ကြခြင်းဖြစ်သည်။

### ဖဆပလဟူသည်

ဖဆပလသည် ဂျပန်ခေတ် "ဖတပ"အဖွဲ့မှ မြစ်ဖျားခံပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ၂၃ ဩဂုတ် ၁၉၄၄ တွင် ရန်ကုန်မြို့ကန်တော်ကြီးပတ်လမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းထောင့်ရှိဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ ဗမာ့တပ်မတော်၊ပြည်သူ့အရေးတော်ပုံပါတီနှင့် ကွန်မြူနီပါတီတို့မှခေါင်းဆောင်များတွေ့ဆုံကာ ဖတပ (ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်) (A.F.O- Anti Facist Organization)ကိုဖွဲ့စည်းခဲ့ကြသည်။ ၁ မတ် ၁၉၄၅ တွင် ယင်းအဖွဲ့ကို ဖတပလ(ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေး)ဟူ၍ ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ထို့နောက် ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့်ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသွားသောအခါ ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းများကိုသာ ဆက်လက်ဆောင်ရွက်ရန်လိုအပ်တော့သဖြင့် ၂၆ ဒီဇင်ဘာ ၁၉၄၅ တွင် ဖဆပလ(ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေး)အဖွဲ့ချုပ်ဟူ၍ အမည်ပြောင်းလဲခေါ်ဆိုစေခဲ့သည်။

### ပဏာမညီလာခံ

ဖဆပလပဏာမပြင်ဆင်မှုညီလာခံကို ၁၉မေ၁၉၄၇တွင် ရန်ကုန်မြို့၊ဂျူဗလီဟော(ယခုတပ်မတော်မော်ကွန်းတိုက်ရုံးနှင့်စစ်သမိုင်းပြတိုက်နေရာ)၌စတင်ကျင်းပခဲ့သည်။ ညီလာခံကိုမေလ၁၉ ရက်နေ့မှ၂၃ ရက်နေ့ထိငါးရက်ကြာကျင်းပခဲ့၏။ ညီလာခံကျင်းပရခြင်း၏အဓိကရည်ရွယ်ချက်မှာနောင်လွတ်လပ်လာမည့်နိုင်ငံတော်အတွက်အခြေခံဥပဒေရေးဆွဲရေးပင် ဖြစ်သည်။

### တက်ရောက်ကြသူများ

ဖဆပလပဏာမပြင်ဆင်မှုညီလာခံသို့ ဖဆပလဗဟိုဦးစီးအဖွဲ့ဝင်များ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဖဆပလနှင့် ကရင်လူငယ်လွှတ်တော်အမတ်များ၊ ဒေသဆိုင်ရာဖဆပလအဖွဲ့အစည်းဝင်များတက်ရောက်ခဲ့ကြသည်။

### လုပ်ငန်းစဉ်များ

ငါးရက်ကြာကျင်းပခဲ့သည့်ဖဆပလပဏာမပြင်ဆင်မှုညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းကမိန့်ခွန်းပြောကြားခြင်း၊ ဖဆပလအမတ်များနှင့် ကရင်လူငယ်(ကေဝိုင်အို)အဖွဲ့ဝင်အမတ်များ ကျမ်းသစ္စာကျိန်ဆိုကြခြင်း၊ အခြေခံဥပဒေမူကြမ်းကို အဖွဲ့ဝင် ၁၁၁ ဦးပါကော်မတီမှစိစစ်ခြင်းနှင့် ပညာရှင်များက စီးပွားရေး၊လူမှုရေးနှင့်စာပေဆိုင်ရာဟောပြောပွဲများကျင်းပခြင်းတို့ပါဝင်ပါသည်။

### အဖွင့်မိန့်ခွန်း

ဖဆပလပဏာမပြင်ဆင်မှုညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားရာ၌ " ဒီပဏာမညီလာခံဟာ ဖဆပလကလုပ်တဲ့ညီလာခံပဲ။ တိုင်းပြည်ပြုလွှတ်တော်လုပ်ငန်းကို အစားထိုးဖို့မဟုတ်ပဲ ဖြည့်စွက်ဖို့သာ ဖြစ်တယ်။ ဒီညီလာခံဟာ ဖဆပလအုပ်ချုပ်ပုံဥပဒေအရ လုပ်တာမဟုတ်ဘူး။ အမှန်ကျပ်တို့ရဲ့မူလရည်ရွယ်ချက်ကတော့ ဖဆပလနှစ်စဉ်ညီလာခံသဘင်ကျင်းပပြီး နည်းလမ်းတကျရွေးတဲ့ တစ်တိုင်းတစ်နိုင်ငံလုံးရဲ့ကိုယ်စား ဖဆပလတိုင်းပြည်ပြုလွှတ်တော်အမတ်တွေကနေပြီး ဗမာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းအခြေခံတွေကို စဉ်းစားဖို့ပဲ။ သို့ပေမယ့် အချိန်မရတာနဲ့ ဒုတိယလူစုံစုံရနိုင်တဲ့နည်းကို ထွင်ရတာပဲ။" ဟူ၍ ပြောကြားခဲ့သည်။

### ဒီမိုကရေစီ၏ အခြေခံများ

ညီလာခံတွင်ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားရာ၌ ဒီမိုကရေစီ၏အခြေခံမူ၈ချက်ကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။ယင်းတို့မှာ(၁)အရေးကြီးတဲ့စက်မှုလက်မှုပစ္စည်းလုပ်ငန်းတွေကို အစိုးရသိမ်းနိုင်ရမယ်။သို့မဟုတ် သိမ်းနိုင်အောင် အခြေခံပျိုးထားရမယ်။(၂)အလုပ်သမားတွေရဲ့နေရေးထိုင်ရေး၊စားသောက်ရေး၊ကျန်းမာရေး၊စည်းရုံးရေး၊အိုနာစာအရေး အစရှိသဖြင့် အခွင့်အရေးတွေရှိရမယ်။(၃)လယ်လုပ်တဲ့လူတွေရဲ့လက်ထဲ လယ်ရောက်အောင်စီစဉ်နိုင်ရမယ်၊ လယ်အမြောက်အမြားကို တစ်သီးပုဂ္ဂလပိုင်ဆိုင်တဲ့ စနစ်ကို ပယ်ဖျက်နိုင်ရမယ်။(၄)လူမျိုးအသီးသီးဟာလဲ သူတို့ရထိုက်တဲ့အခွင့်အရေးတွေရအောင် စီစဉ်ထားရမယ်။ (၅)တိုင်းသူပြည်သားတွေသာလျှင်အာဏာပိုင်အစစ်ဖြစ်တယ်ဆိုတဲ့သဘောတရားကို ခိုင်ခိုင်မာမာဖြစ်အောင် စီစဉ်တတ်ရမယ်။ (၆)လူမျိုးဘာသာလိင်မရွေး တိုင်းပြည်ကြီးသားတိုင်းရသင့်ရထိုက်တဲ့အခွင့်အရေးတွေ ပါရမယ်။ (၇)တိုင်းပြည်ကာကွယ်ရေးဟာ ပြည်သူ့အစိုးရတာဝန်ဖြစ်တယ်၊အခုကျွန်ဘဝမှာလို ရေးကလို အပျော်တမ်းရဲအဖွဲ့အစရှိတဲ့ အခုပြည်သူ့ရဲဘော်တပ်ဖွဲ့ဆိုတဲ့အဖွဲ့မျိုးတွေကို တစ်သီးတစ်ခြားတည်ထောင်ရတဲ့ အခြေအနေမျိုးမရှိစေရဘူး။ (၈)တိုင်းပြည်ဥပဒေတရားရုံးစနစ်ဟာလည်း ပြည်သူတွေရဲ့အကျိုးရှေးရှုမဲ့ ပြည်သူ့တရားရုံးစနစ်မျိုးဖြစ်ရမယ်" စသည်ဖြင့် ဖြစ်သည်။

### အခြေခံဥပဒေရေးဆွဲအတည်ပြုရေး

တိုင်းပြည်ပြုလွှတ်တော်က ရွေးချယ်ပေးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီတွင် ကော်မတီဝင် ၇၅ ဦးနှင့် ဆပ်ကော်မတီဝင်များပါဝင်ပါသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဦးဆောင်ရေးဆွဲခဲ့သူမှာ သခင်မြဖြစ်သည်။ ဖဆပလက ရေးဆွဲထားသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သောအဖွဲ့ဝင် ၁၁၁ ဦးပါစိစစ်ရေးကော်မတီက စိစစ်ပေးရသည်။

စိစစ်ရေးကော်မတီဝင် ၁၁၁ ဦးမှာ ဖဆပလအလုပ်အမှုဆောင် ၁၀ ဦး၊ ဖဆပလဗဟိုဦးစီးအဖွဲ့ဝင်၂၅ ဦး၊ ဖဆပလပါလီမန်အမတ် ၄၀ ဦး၊ ကရင်လူငယ်အဖွဲ့မှပါလီမန်အမတ် ၅ ဦး၊ ဖဆပလခရိုင်ကိုယ်စားလှယ် ၃၁ ဦးတို့ဖြစ်ကြသည်။

### ဟောပြောပွဲများ

ဖဆပလပဏာမပြင်ဆင်မှုညီလာခံတွင် စီးပွားရေး၊ လူမှုရေးနှင့် စာပေဆိုင်ရာဟောပြောပွဲများကို ကျင်းပခဲ့ရာတွင် ဒေါက်တာလှမြင့်က "မြန်မာ့စီးပွားရေး"၊ဦးသိန်းဟန်က "အနုပညာနှင့်ဘာသာပြန်လုပ်ငန်း"၊ဦးဝန်က "မြန်မာအဘိဓာန်"၊ဦးဘက "ပညာရေးပြန်လည်တည်ဆောက်မှု"၊ဦးသိန်းက "ကျေးလက်ဘဝမြှင့်တင်ရေး"၊ ဦးကြင်က "မြန်မာ့ဘဏ္ဍာရေး"၊ ဦးစောထွန်းက "စက်မှုလုပ်ငန်းပြန်လည်တည်ဆောက်ရေး"၊ဦးကိုလေးက " တက္ကသိုလ်ပညာရေးဖြင့်ပြန်လည်တည်ဆောက်ရေး"၊ဦးထင်ဖတ်က " မျိုးကောင်းမျိုးသန့်ထွန်းကားရေးပညာ(Eugenics)"၊ ဦးမောင်မောင်ခက "မိုးလေဝသနှင့်စိုက်ပျိုးရေး"တို့ကို ဟောပြောခဲ့ကြသည်။

### အတည်ပြုခြင်း

ညီလာခံနောက်ဆုံးနေ့ဖြစ်သော ၂၃မေ၁၉၄၇တွင် စိစစ်ရေးကော်မတီက စိစစ်ပြီးဖြစ်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုခဲ့ကြသည်။ ဖဆပလအဖွဲ့ချုပ်ကရေးဆွဲခဲ့သည့်အခြေခံမူကြမ်းတွင် အခန်းကြီး(၁၄)ခန်း၊ ပုဒ်မခွဲ ၁၂၇ ခုနှင့် ဇယားတစ်ခုပါရှိ၏။

### ဝေဖန်ချက်များ

ဖဆပလပဏာမညီလာခံတွင် တင်သွင်းခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းနှင့် ပတ်သက်၍ ပြည်ထောင်စုတိုင်းရင်းသားအများစုက ထောက်ခံခဲ့ကြသော်လည်း မကျေနပ်မှုအချို့လည်းရှိခဲ့ကြသည်။ ခေတ်ဟောင်းနိုင်ငံရေးသမားကြီးတစ်ဦးဖြစ်သူ ဒေါက်တာဘမော်က ဖဆပလမှရေးဆွဲခဲ့သည့် အခြေခံဥပဒေမူကြမ်းသည် အိန္ဒိယတိုင်းပြည်ပြုလွှတ်တော်၏ဆုံးဖြတ်ချက်ကို ပုံတူကူးချထားပြီး အချက်အလက်အချို့ကို ဆိုဗီယက်ယူနီယံဖွဲ့စည်းအုပ်ချုပ်ပုံမှယူထားကြောင်း ဝေဖန်ပြောကြားခဲ့သည်။

ဒေါက်တာဘမော်သည် လူမျိုးပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတည်ထောင်ခြင်းကို ပြင်းထန်စွာဝေဖန်ခဲ့သူလည်းဖြစ်ပါသည်။ ဒေါက်တာဘမော်က ပြည်ထောင်စုဖွဲ့စည်းခြင်းအားဖြင့် လူမျိုးများစွာပါဝင်သောမြန်မာပြည်ကြီးဖြစ်ပေါ်လာပြီး အခြေခံဥပဒေကယင်းလူမျိုးများကို တစ်ခုနှင့်တစ်ခုခွဲခြားမဲတင်းထားခြင်းသာဖြစ်ကြောင်းဆိုပါသည်။

### အိန္ဒိယအခြေခံဥပဒေ

ဒေါက်တာဘမော်၏စွပ်စွဲပြောဆိုမှုများမှာ ဖဆပလအဖွဲ့ချုပ်မှ သခင်မြဦးဆောင်၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာ၌ အကြံ ပေးအရာရှိအဖြစ်ဆောင်ရွက်ရသူဦးချန်ထွန်းသည် ယင်းကိစ္စအတွက် အိန္ဒိယသို့လေ့လာရေးခရီးသွားရောက်ခဲ့ဖူးခြင်းနှင့်ဗိုလ်ချုပ်အောင်ဆန်းအင်္ဂလန်သွားစဉ်က နယူးဒေလီသို့ ဝင်ရောက်ပြီး အိန္ဒိယအခြေခံဥပဒေရေးဆွဲရေးဆိုင်ရာအကြံပေးအရာရှိ ဆာဘီနီဂယ်နာရာဆင်ဂါရောင်း(Sir Benegal Narasinga Rao)နှင့်တွေ့ဆုံဆွေးနွေးခဲ့ဖူးခြင်းတို့ကြောင့်ပင် ဖြစ်သည်။

### ပြန်လည်ချေပချက်

ဒေါက်တာဘမော်၏ဝေဖန်ချက်ကို ဗိုလ်ချုပ်အောင်ဆန်းကပြန်လည်ချေပရာ၌ ပညာရှိအဓိပတိဟောင်းကြီး၏ အဆက်ဆက်ကပြောရိုးဆိုရိုးအတိုင်းပင်သူ၏စကားလုံးများသည် အပေါ်ယံအားဖြင့်လေးနက်ဟန်ရှိသော်လည်း အသေအချာလေ့လာပါက သူ၏ဝေဖန်ချက်မှာအနှစ်သာရကင်းမဲ့နေသည်ကို တွေ့ရကြောင်း၊ အပြုသဘောပါဝင်သည့် စကားတစ်လုံးတစ်လေမှမတွေ့ရကြောင်း၊ ဒေါက်တာဘမော်သည် တောင်တန်းဒေသလူမျိုးများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးရလိုမှုဆန္ဒနှင့် စပ်လျဉ်း၍ မည်သို့မည်ပုံလိုက်လျောသင့်သည်ကိုပြောဆိုဝေဖန်ရန် လစ်ဟင်းခဲ့ကြောင်း၊သူ၏ဝေဖန်ချက်များမှာ မကြာမီကကျင်းပပြီးစီးခဲ့သောရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့သည့် သူ၏ အပြုအမူနှင့် လိုက်လျောညီထွေရှိကြောင်း၊အခြေခံဥပဒေသစ်မည်သို့ဖြစ်သင့်ကြောင်း သူ၏ဝေဖန်ချက်ကိုကြားရလျှင် များစွာစိတ်ဝင်စားဖွယ်ကောင်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

*ကျမ်းကိုး*

- ၁။ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ (၁၉၄၅–၁၉၄၇)
- ၂။ တိုင်းရင်းသားလူမျိုးများအရေးနှင့်၁၉၄၇အခြေခံဥပဒေ (ဒုတိယတွဲ)
- ၃။ မြန်မာ့ရက်စဉ်သမိုင်း(ဒုတိယတွဲ) သမိုင်းသုတေသနဦးစီးဌာန
- ၄။ ကိုလိုနီခေတ်မြန်မာ့သမိုင်းအဘိဓာန် (မြဟန်)

